
စိတ်ကူးချိုချိုအနုပညာ

# ဒေါက်တာသန်းထွန်း

# မန္တလေးဖြစ်အမျိုးသားစိတ်



mgyoe.com

အုတ်ဖိုကိုယ်စားလှယ်ဦးဟန်က တန်ဆောင်မုန်းလဆုတ် ၁၀ရက်
ကျောင်းသားသပိတ်စတဲ့နေ့ကို ကြိုက်တယ်လို့ အပြတ်ဖြတ်လိုက်မှ
နှစ်စဉ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်ဟာ
"အမျိုးသားနေ့ထူးနေ့မြတ်" ဖြစ်လာတယ်။
နောင် ကာလရွေ့လျောတော့မှ "အမျိုးသားအောင်ပွဲနေ့" လို့
ခေါ်လာကြတယ်။ ဒီနေ့ကိုလုပ်ဖို့ မူလစိတ်ကူးရတာက မန္တလေးမှာ
အစည်းအဝေးလုပ်တုန်းက ကြီးဒေါင့်ကန်ဦးဘသော် ဖြစ်တယ်။
သူစပြောတဲ့နေ့က ၂၄ အောက်တိုဘာ ၁၉၂၀ ဖြစ်တယ်။
အဲဒီ ကျောင်းသားသပိတ် စတဲ့နေ့ကိုပဲ လက်ခံအောင်
နောက်ဆုံး အပြတ်ဖြတ်တာကတော့ အုတ်ဖိုဦးဟန်ဖြစ်တယ်။
ဒီလိုပြီးပြတ်တဲ့နေ့က ၁၈ ဇွန် ၁၉၂၂ ဖြစ်ပါတယ်။
အရင်းမူလကတော့ မန္တလေးပါပဲ။ ဒါကြောင့် ဒီအကျိုးအကြောင်းကို
ရှင်းလင်းရေးသားတဲ့ ဒီစာတမ်းကို ကျွန်တော်က
"မန္တလေးဖြစ် အမျိုးသားစိတ်" လို့ အမည်ပေးလိုက်ပါတယ်။
"နေ့" နဲ့အတူ "စိတ်" ဟာ ရှင်သန်လာပါတယ်။

# ဒေါက်တာသန်းထွန်း

## မန္တလေးဖြစ်အမျိုးသားစိတ်

ISBN9789997117342
DTH26
9 789997 117342
500.00 KS

mgyoe.com

မန္တလေးဖြစ်အမျိုးသားစိတ်၊ ဒေါက်တာသန်းထွန်း
မျက်နှာဖုံးဒီဇိုင်း - pexels image
စာမျက်နှာ ၅၁+ မျက်နှာ၊ ၁၀ · ၂ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

# မန္တလေးဖြစ် အမျိုးသားစိတ်

ဒေါက်တာသန်းထွန်း

ပထမအကြိမ် ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မန္တလေးဖြစ်အမျိုးသားစိတ်
ဒေါက်တာသန်းထွန်း

အိမ်တိုင်းလိုလိုမှာ ဘယ်သူမှ ဂရုတစိုက်မသိမ်းပေမဲ့ လုံခြုံနေတဲ့စာရွက်ဟောင်းတွေ အပုံလိုက်အထပ်လိုက် ရှိတတ်တယ်။ မသေလို့ရှိမယ်ဆိုရင် အခုနေအသက် ၇၀ ကျော်ရှိမယ့် ဘိုးဘိုးတို့ လူလားမြောက်စအရွယ်၊ ဂျီစီဘီအေတို့ နှစ်ဆယ်ပြည့် သပိတ်တို့ခေတ်က စာရွက်စာတမ်းနဲ့ သတင်းစာ ဂျာနယ်တွေဖြစ်တယ်။ ဝါပြီးကြွေကျတော့မယ့် အဆင့်ကိုရောက်နေပြီ။ ဘုရားစင်နားမှာ ရှိတတ်တယ်။ ဘယ်သူကမှ ဒါတွေကို သိပ်အရေးကြီးတယ်လို့ မယူဆဘူး။ ဒါပေမဲ့ လုံးဝစွန့်ပစ်တဲ့ အဆင့်ကိုတော့ မပို့ကြသေးဘူးပေါ့။ အဲဒီပစ္စည်းတွေဟာ တကယ်တော့ အဘိုးသိမ်းခဲ့တဲ့ ပစ္စည်း မှန်ပါတယ်။ အဖေက ယူမဆော့နဲ့လို့ တားဖူး

mgyoe.com

mgyoe.com


ပါတယ်။ အခုသားတို့ လူကြီးဖြစ်တဲ့အခါ ရှိလေတယ် လို့အမှတ်မရဘဲ မေ့နေတဲ့ စာရွက်ဟောင်းတွေပေါ့။ တစ်မျိုးပြောရရင် မူလစုဆောင်းသူရဲ့ အဖိုးတန်ပစ္စည်း၊ အမွေဆက်ခံတဲ့ သားရဲ့'အဖေ့အတွက်'အထိမ်းအမှတ်၊ တစ်ဆင့် ဆက်ခံတဲ့မြေးကတော့ အမှိုက်။ ကျွန်တော် ကတောင်းတော့ အစဉ်ငှား (Permanent Loan) သဘောယူသွားလို့ ပေးလိုက်တယ်။ သူ့ပစ္စည်းကို ကျွန်တော်က သိမ်းပေးထားဖို့ပါပဲ။ အဲဒီနည်းနဲ့ သမိုင်း မှတ်တမ်း အတော်များများဟာ ကျွန်တော့်လက်ထဲကို ရောက်လာတယ်။ အခု စာတမ်းအတွက်သုံးမယ့် စာအုပ်တွေဟာ ဒီနည်းနဲ့ပဲရတယ်။ အဲဒီစာအုပ်တွေ က...

၁။ **မြန်မာအသင်းအတ္ထုပ္ပတ္တိ**၊ မန္တလေး ၈၄ လမ်း ကူးသန်းရောင်းဝယ်ရေးစာပုံနှိပ်တိုက်၊ ၁၉၂၁ ခု စက်တင်ဘာလ(စုပေါင်းပုံနှိပ်သူ စိုးပိုခင်မောင်)။

၂။ **မြန်မာပြည်လုံးဆိုင်ရာ နဝမမြောက် ကွန်ဖရင့် အစည်းအဝေးကြီး၏ ဆုံးဖြတ် ချက်များနှင့် သူကောင်းဖြစ်(အေတီအမ်) ဘွဲ့တံဆိပ်ကို မြန်မာပြည်တွင် ပထမဦးစွာ အစိုးရထံသို့ ပြန်အပ်သော ပညာရှိမင်း ဦးကျော်ရန်၏ အတ္ထုပ္ပတ္တိစာတမ်း**၊ မန္တလေး၊

mgyoe.com

mgyoe.com


တိုင်းချစ်မြန်မာသတင်းစာ ပုံနှိပ်တိုက်။ ၁၉၂၁ ဒီဇင်ဘာ။

၃။ **The Voice of young Burma** (The reproduction of the articles published by the Publicity Bureau of the University Boycotters), Rangoon, New Burma Press, 142, Montgomery Street, January 192.

၄။ ဘဦး၊ ဦး။ **၁၂၈၂ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေသပိတ်မှောက်ခြင်းနှင့် မြန်မာ အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ ရာဇဝင် အကျဉ်းချုပ်**။ ရန်ကုန်၊ အောင်သိဒ္ဓိစာပုံနှိပ်တိုက်၊ ၂၁၀ စီ၊ လွှစ္စလမ်း။ ၁၉၀၅ နိုဝင်ဘာ။

၅။ **မန္တလေးဗဟိုရိစည်ဂျာနယ်** ၁–၁–၁၉၂၁ မှ ၂၁–၅–၁၉၂၁ထိဖြစ်တယ်။ ဒီစာအုပ်တွေကို သုံးပြီး အရင်အနှစ်ငါးဆယ်က မန္တလေးသမိုင်းကို တစ်ထောင့်တစ်ကွက်ကနေပြီး ဖော်ထုတ်လို့ရပါတယ်။ အဲဒီအကွက်ကလေးကို "အမှိုက်ထဲက သမိုင်း" လို့ ခေါ်ရင်တောင် ပိုပြီးမှန်မယ်။

ဂျီစီဘီအေ (General Council of Buddhist

mgyoe.com

mgyoe.com


Associations)လို့ လွယ်လွယ်ခေါ်နေကြတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီးက ကိုးကြိမ်မြောက် နှစ်လည်အစည်းအဝေးကို မန္တလေးမှာ ၂၁ အောက်တိုဘာ ၁၉၂၁ စပြီး ကျင်းပမယ်လို့သိတော့ စိပိဦးခင်မောင်က **မြန်မာအသင်းများ၏ အထွေထွေ စာတမ်း**အမည်နဲ့ စာတစ်အုပ်ကို စုဆောင်းပြီး မန္တလေးမှာပုံနှိပ်တယ်။ ကွန်ဖရင့်လို့ခေါ်တဲ့ နှစ်လည်အစည်းအဝေးကြီးလုပ်ချိန်မှာ အသင့်ဝယ်ယူဖတ်ရှုနိုင်ကြပြီလို့ မှန်းဆနိုင်ပါတယ်။

ဒီစာအုပ်ထဲမှာပါတဲ့အတိုင်း သိရတာက–

၁။ ပထမပွဲကို ရန်ကုန်မှာ ၁၉၁၁ ခုက ကျင်းပခဲ့တယ်။

၂။ ဒုတိယပွဲကို ရန်ကုန်မှာပဲ နောက်သုံးနှစ်လွန်ပြီး ၁၉၁၄ ခု ကျမှကျင်းပဖြစ်ခဲ့တယ်။ ဒီနောက် နှစ်စဉ်ကျင်းပဖြစ်လို့

၃။ ၁၉၁၅ – မန္တလေး။

၄။ ၁၉၁၆ – ဟင်္သာတ။

၅။ ၁၉၁၇ – ပျဉ်းမနား။

၆။ ၁၉၁၈ – မော်လမြိုင်။

၇။ ၁၉၁၉ – ပုသိမ်။

၈။ ၁၉၂၀ – ပြည်

mgyoe.com

mgyoe.com


မှာမှန်မှန်ကျင်းပခဲ့တယ်။ အဲဒါကြောင့် စိပ်ပိ ဦးခင်မောင် စုပြီးတင်ပြတဲ့ စာတမ်းဟာ တစ်နည်းပြော ရရင် ၁၉၁၁ က ၁၉၂၂ ထိ ဂျီစီဘီအေရဲ့ ဆယ်နှစ် စစ်တမ်းပဲဖြစ်ပါတယ်။ အသင်းချုပ်ဟာ ဘာကိုရည် ရွယ်တယ်၊ ဘယ်လိုအချက်တွေကို ဆုံးဖြတ်တယ်၊ ဆုံးဖြတ်ချက်ကို ဘယ်လိုဖြစ်အောင်လုပ်တယ်၊ ဘယ် လောက်အောင်မြင်ပြီး ဘယ်လောက် ကျန်သေးတယ် ဆိုတာသိရပြီး အကျိုးကျေးဇူးကို မြင်သာမယ်လို့ စိပ်ပိ ဦးခင်မောင်က ထင်တယ်။ သူက "နိုင်ငံရေးပညာသင် ကျောင်း" အမည်နဲ့ ကျောင်းတစ်ကျောင်းကို ဖွင့်ထား နှင့်ပြီးဖြစ်တယ်။ ကျောင်းကြော်ငြာကို စာအုပ်ဖုံးမှာ–

အသင်းဖွဲ့စည်းတည်ထောင်နည်း၊ အသင်း တရားဟောနည်း ပြောနည်း၊ ရွက်ဆောင်နည်းများနှင့် တကွ၊ ဟုမ္မရူးဒိုင်အာခိစသော နိုင်ငံရေးပညာအမျိုးမျိုး ကို တတ်သိနားလည်လိုပါလျှင် စာတိုက်ခေါင်း သုံးပဲ ဖိုး တင်ပို့မှာယူပါက အကြောင်းစုံသိရပါလိမ့်မည်။ အမြန်မှာ ယူကြည့်ရှုတော်မူပါ။

**စိပ်ပိခင်မောင်**

ကူးသန်းရောင်းဝယ်ရေးစာပုံနှိပ်တိုက်

၈၄၊ ခတ်ရထားလမ်း၊ မန္တလေးမြို့၊

လို့တွေ့ရတယ်။ သူ့ကျောင်းမှာ သုံးမယ်လို့ထင်ရတဲ့

mgyoe.com

mgyoe.com


စာအုပ်တွေကို ကြော်ငြာတာ တွေ့ရသေးတယ်။ အဲဒီ စာအုပ်တွေထဲမှာ–

၁။ ဖျောင်းဖျနားသွင်းပြောဆိုရေးပညာ အဖိုးရှစ်ပဲ။
၂။ အသင်းစည်းကမ်းဥပဒေ အဖိုးရှစ်ပဲ ခြောက်ပိုင်။
၃။ အသင်းဆယ်သင်းတွက် ဥပဒေပေါင်းချုပ် အဖိုး ခြောက်ပဲ။
၄။ ဟုမ္မရူးအစစ် အဖိုးတစ်ကျပ်။
၅။ ကိုလိုနီနိုင်ငံလေးမျိုး အဖိုးတစ်ပဲ ခြောက်ပိုင်
၆။ ကတိသစ္စာ သီလသမာဓိတန်ဖိုး (ဂန္ဓီ)အဖိုးတစ် ကျပ် သုံးပဲ။
၇။ အမျိုးသားပညာသင်ကျောင်း စီမံနည်း အဖိုး တစ်ပဲ။
၈။ မြန်မာပြည်မြေမှုကြီး (မြန်မာလို) အဖိုးလေးပဲ။ အင်္ဂလိပ်လို အဖိုးခုနစ်ပဲ။
၉။ Politics အဖိုးလေးပဲ။
၁၀။ Nationalism in Burma အဖိုးတစ်ကျပ် လေးပဲ၊

ဒီလိုစာအုပ်တွေတွေ့ပါတယ်။ ဒီစာအုပ်တွေဟာ ၁၉၂၀ ပြည့်ဝန်းကျင်ရဲ့ အမျိုးသားလှုပ်ရှားမှုနဲ့ ဆက်စပ်နေတဲ့သဘောကို ဆောင်တယ်။ သူ့ ကျောင်းနဲ့ သူ့စာအုပ်တွေဟာ "မန္တလေးဖြစ် အမျိုးသားစိတ်" မှာ တစ်ပိုင်းတစ်စ ပါနေပါ

mgyoe.com

mgyoe.com



တယ်။ မြန်မာအသင်းတွေရဲ့ အကြောင်းကို စီပီ ဦးခင်မောင် ပြောပြတဲ့အတိုင်း ဆက်ပြီး ပြောပြလိုပါသေးတယ်။

ဝိုင်အမ်ဘီအေ (Young Men Buddhist Association) လို့ခေါ်တဲ့ ကလျာဏယုဝသင်းတွေဟာ ၁၉၁၈ မှာ အရေအတွက် ၅၀ ကျော်ရှိတယ်။ နာမည်ကြွဲပေမဲ့ အလားတူအသင်းက ၂၀ ကျော်ရှိတယ်။ ဝိုင်ဒဗလျူဘီအေ (Young Women Buddhist Association) လို့ခေါ်တဲ့ ကလျာဏကုမ္မာရီသင်းတွေလည်း ရှိသေးတယ်။ နောက်သုံးနှစ်ကြာတဲ့ ၁၉၂၁ ခုမှာ ဒီလို လူငယ်ကျားမသင်းတွေဟာ နှစ်ထောင်လောက် ရှိလာတယ်။ ဒီလိုတိုးပွားရတာဟာ ဦးဥတ္တမရဲ့ လှုံ့ဆော်မှုကြောင့်လဲဖြစ်တယ်လို့ စီပီဦးခင်မောင်ကယူဆတယ်။ အသင်းတွေဟာ သာသနာရေးနဲ့ လူမှုရေးကို တိုးတက်အောင် ဆောင်ရွက်မယ်လို့ အမည်ခံထားတာ မှန်ပေမဲ့ နိုင်ငံရေးလုပ်နေပါပြီ။ ဟုမ္မရူးဆိုတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းတယ်။ ပြီးတော့ 'နန်းကိုအော့ပရေးရှင်း' ဆိုတဲ့ အစိုးရနဲ့ တွဲဖက်မလုပ်ရေးလမ်းစဉ်ချတယ်။

ဒီအသင်းတွေကို ချုပ်ကိုင်ပြီး တူညီတဲ့လမ်းစဉ်နဲ့ ပြိုင်တူအလုပ်လုပ်နိုင်အောင် ရန်ကုန်မှာ မြန်မာအသင်း

mgyoe.com

mgyoe.com


ချုပ်ကြီးဖွဲ့ထားတယ်။ ဒါပေမဲ့ ဆက်သွယ်တဲ့အသင်းဟာ ခြောက်ရာလောက်ပဲ ပေါ်ပေါက်သေးတယ်။

ဘုန်းတော်ကြီးတွေကလည်း သံဃသာမဂ္ဂီဆိုတဲ့ အမည်မျိုးနဲ့ အဖွဲ့ဖွဲ့ကြသေးတယ်။ ရန်ကုန်ရွှေတိဂုံကုန်းပေါ်မှာ ၁၉၁၉ ခု၊ ဇန်နဝါရီလကတည်းက ဗဟန်းဦးနာဂိန္ဒ ဆော်သြပြီးဖွဲ့ကြတယ်။ ဘုန်းကြီးစည်းရုံးရေးမှာ စီပီဦးခင်မောင်လည်းပါတယ်။ ဘုန်းကြီးသင်းတွေက ဦးဥတ္တမကို အင်္ဂလိပ်ကဖမ်းတော့ ပိုပြီးများလာတယ်။ နောက်ဆုံးမှာ မဟာသံဃသာမဂ္ဂီကို ၂ ဇူလိုင် ၁၉၂၁ မှာ ဖွဲ့လိုက်တယ်။ မန္တလေးမှာ သံဃသာမဂ္ဂီဟာ အနောက်ပြင်တစ်ဖွဲ့၊ တောင်ပြင်တစ်ဖွဲ့ရှိခဲ့တယ်။ ဒီအဖွဲ့တွေကို ရွှေကျင်ဂိုဏ်းချုပ်က ထောက်ခံတယ်လို့လည်းသိရတယ်။ ဒီလိုလူတွေရဲ့ အသင်း၊ ဘုန်းကြီးတွေရဲ့ အသင်းပေါင်းဟာ–

အစိုးရမင်းတို့ထံမှလည်း၊ ရထိုက်ရသင့်သည့် အရာတို့ကို၊ အကျိုးအကြောင်း ခိုင်လုံစွာပြ၍၊ ပြည်သူတို့၏ ကိုယ်စား တောင်းခံဆောင်ရွက်၍ပေးနိုင်သော အသင်းကြီးများဖြစ်သည်

လို့ဖော်ပြတယ်။ ပြည်သူကို ကိုယ်စားပြုတယ်၊ အင်္ဂလိပ်နဲ့ နိုင်ငံရေးအရ ပြောရေးဆိုခွင့်ရှိရင် ဒီအသင်းတွေကိုသုံးရမယ်လို့ သဘောပေါက်တယ်။ တင်းတင်း

mgyoe.com

mgyoe.com



မာမာ အရေးဆိုတဲ့သဘော လုံးဝမရှိနိုင်သေးဘူး။ ဒါပေမဲ့ နိုင်ငံရေးကို သာသနာရေးနဲ့တွဲထားမှ ကောင်းမယ်ထင်တုန်းပဲ။ ပဒေသရာဇ်ပျက်စီးတာ သုံးဆယ့်ငါးနှစ်ရှိပေမဲ့ ပဒေသရာဇ်ပုံစံကို ခံယူတုန်းပဲရှိသေးတယ်။ အဲဒါကြောင့် စီပီဦးခင်မောင်က အရေးအကြီးဆုံးအပိုင်းအနေနဲ့ ဒီလိုအချုပ်ပြောပါတယ်။

> ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်တော်မူကြသော မွန်၊ မြန်မာ အမျိုးသားအပေါင်းတို့သည်၊ အစဉ်မပြတ် ဆက်လက်၍ သာသနာတော်၏အကျိုး၊ အမျိုးသားတို့၏အကျိုးစီးပွားကို၊ လိုလားစွာဆောင်ရွက်နိုင်စေရန် မဆုတ်မနစ်သော လုံ့လဝီရိယတို့ဖြင့်၊ အစဉ်ထာဝရ အားထုတ်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ဖွယ်ဖြစ်ပါကြောင်း။

ဒီနိဂုံးမျိုးပဲ ၁၉၂၀ ပြည့်ဝန်းကျင်က တွေးတတ်ပြောတတ်တယ်။ အဲဒီအတွေးမျိုးဟာ မန္တလေးမှာသာပြီး ထက်သန်တယ်။ အမျိုးသားရေးနိုးကြားလာပြီလို့တော့ ဆိုနိုင်တယ်။ ဒါပေမဲ့ ပြောသေးတယ်။ အဲဒီအချက်ကို သမိုင်းစဉ်ကပြပါတယ်။

ပထမဆုံး ၁၉၁၁ ခုမှာ အစည်းအဝေးပွဲကြီး လုပ်တဲ့အခါ သဘာပတိဦးမေအောင်ရဲ့ မိန့်ခွန်းကိုချုပ်

mgyoe.com

mgyoe.com


ကြည့်ရင်

၁။ စာသင်ကျောင်းတွေမှာ ကလေးတွေ စာရိတ္တကောင်းအောင် ဗုဒ္ဓဘာသာသင်ခန်းစာ သင်ပေးစေချင်တယ်။

၂။ စီးပွားရေးတိုးတက်အောက် သမဝါယမလုပ်ငန်းကို အားပေးစေချင်တယ်။

၃။ ဆင်းရဲသား တောင်သူလယ်သမားတွေဟာ သုမင်္ဂလ၊ ဒုမင်္ဂလကိစ္စတွေမှာ အလဟဿ ငွေမဖြုန်းစေချင်ဘူး။

၄။ ဘုရားလည်းမကြိုက်။ အစိုးရကလည်း မကြိုက်တဲ့ကိစ္စဖြစ်လို့ လက်နက်ပုန်းမကိုင်စေချင်ဘူး။

ဒီအချက်တွေကြည့်ရင် စီးပွားရေးမှာ ငွေမဖြုန်းဖို့ရယ်၊ အချင်းချင်း ရိုင်းပင်းဖို့ရယ်ပါတာ တွေ့ရလို့ ကျေနပ်စရာကောင်းတယ်လို့ ဆိုရပေမဲ့ လက်တွေ့မှာ ထိရောက်အောင် မလိုက်နာခဲ့ကြဘူးလို့ သိရတယ်။ အထူးသဖြင့် သမဝါယမလုပ်ငန်းကို ဗမာတွေ အောင်မြင်အောင် လုပ်နိုင်ခဲ့တယ်။

ဒုတိယအကြိမ် အစည်းအဝေးပွဲကို ရန်ကုန်မှာပဲ ၁၉၁၄ ခုမှာလုပ်တော့ ဦးဘိုးဖြေက သဘာပတိမိန့်ခွန်းပေးတဲ့အထဲမှာ ဒီအချက်တွေကို ထပ်တိုးထားတာတွေ့တယ်။

mgyoe.com

mgyoe.com



၁။ အရက်မသောက်ဖို့ လှုံ့ဆော်သင့်တယ်။

၂။ ဗုဒ္ဓဘာသာအထက်တန်းကျောင်းတွေ ဖွင့်သင့်တယ်။

ဒီအစီအမံကို ဆန်းစစ်ရင် သူတို့ရဲ့စိတ်ကူးဟာ ပညာရေးနဲ့ စာရိတ္တကောင်းမွန်ရေးကိုပဲ အားသန်တုန်းပါပဲ။ အစိုးရက အရက်ဆိုင်၊ ဘိန်းဆိုင်ဖွင့်ထားတော့ အရက်ပိတ်ပင်ရေးကို ပြင်းပြင်းထန်ထန် မလှုံ့ဆော်ရဲဘူးဆိုတာလည်း မှန်တယ်။ ဒီအစည်းအဝေးကနေပြီး "ဂျင်နရယ်ကောင်ဆယ်" ဖွဲ့ကြဖို့ ဆုံးဖြတ်ကြပါပြီ။

နောက် ၁၉၁၅ ခု မန္တလေးမှာ အစည်းအဝေးပွဲလုပ်တော့ စီ၊ ဂျီ၊ အက်စ၊ ပုလဲက သဘာပတိ ဖြစ်တယ်။ ထပ်တိုးလာတဲ့လုပ်ငန်းကတော့–

၁။ ဆားချက်လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သင့်တယ်။

၂။ ဗမာတွေ သေတမ်းစာရေးခွင့်ရသင့်တယ်။

၃။ အတိုးကြီး ငွေချေးခြင်းကို တားသင့်တယ်။

၄။ မူလတန်းပညာ မသင်မနေရလုပ်သင့်တယ်။

အဲဒီအထဲက မူလတန်းမသင်မနေရကို အစိုးရက လိုလားပုံ မပေါ်သေးတာနဲ့ ဆိုင်းငံ့ထားပါဦးလို့ ပြောတာကို တွေ့နေရတယ်။ မသင်မနေရဆိုရင် ငွေအများကြီး ပိုကုန်လာမှာမို့ အစိုးရကမလုပ်လိုဘူး။

နောက်တစ်နှစ် ၁၉၁၆ ခု ဟင်္သာတမှာ အစည်း

mgyoe.com

mgyoe.com



အဝေးပွဲကြီး ကျင်းပတော့ ဦးမေအောင်က သဘာပတိ ဖြစ်ပြန်တယ်။ ပထမအကြိမ်က သဘာပတိက အခု စတုတ္ထအကြိမ် သဘာပတိဖြစ်လာတော့ ငါးနှစ် (၁၉၁၁/၁၆) အတွင်း လုပ်ငန်းကို ပြန်လှန်သုံးသပ်ကြတယ်။ ပထမနှစ်ကမ္ဘာစစ်အတွင်း စစ်ပြီးဆုံးဖို့ အလားအလာမြင်နေကြရလို့ ကျေနပ်တာကိုလည်း တွေ့ရတယ်။

၁။ စစ်မြေပြင်ကို ဗမာစစ်သား ၁၀၀ ကျော်သွားခွင့်ရလို့ ဝမ်းသာတယ်၊ ဗမာတပ်ရှိသင့်တယ်။

၂။ မင်္ဂလာဆောင် ခဲဖိုးတောင်းတဲ့အကျင့်ကို ဖျက်သင့်တယ်။

၃။ အစိုးရက လက်မှုပညာသင်ကျောင်းတွေ ဖွင့်ပေးသင့်တယ်။

၄။ တိုင်းရင်းဖြစ်ပစ္စည်းကိုသာ သုံးစွဲသင့်တယ်။

၅။ ဘာသာပြန်လုပ်ငန်းကို သိပ္ပံပညာကစပြီး အင်တိုက်အားတိုက် လုပ်သင့်တယ်။

ဆုံးဖြတ်ချက်တွေထဲမှာ ခါတိုင်းလို အကျင့်စာရိတ္တနဲ့ ဗုဒ္ဓဘာသာ သင်ခန်းစာတွေ သင်ဖို့ဆိုတဲ့အထဲက တစ်ဆင့်တက်ပြီး ဗမာစစ်တပ် ဖြစ်မြောက်ရေး၊ တိုင်းရင်းဖြစ်ကိုသာ အားပေးရေးနဲ့ ဘာသာပြန်လုပ်ငန်း တွင်ကျယ်ရေးတွေဟာ အင်မတန်အရေးပါတဲ့

mgyoe.com

mgyoe.com


တိုးတက်ရေးအဆင့်တွေ ဖြစ်တယ်။ ရေရှည်လုပ်ငန်းတွေဖြစ်ပြီး ဗမာ့လွတ်လပ်ရေးခရီးမှာ အရေးပါတဲ့ စီမံကိန်းတွေ ဖြစ်လာပါတယ်။

နောက်တစ်နှစ် ၁၉၁၇ ခု ပျဉ်းမနားမှာ အစည်းအဝေးပွဲကြီးလုပ်တော့ ဦးဘိုးဖြေက သဘာပတိဖြစ်တယ်။ အစည်းအဝေးပွဲကိုစတဲ့အခါ–

> အစိုးရမင်းတို့က ကောင်းမွန်စွာ စောင့်ရှောက်တော်မူကြသည့်အတွက် များစွာကျေးဇူးတင်ရှိကြပါကြောင်းကို မြန်မာပြည်ဘုရင်ခံမင်းမြတ်ထံ ကြေးနန်းရိုက်ကြား တင်လျှောက်ရန် သဘောတူကြသည် "

လို့ဆုံးဖြတ်တယ်။ အဲဒါအပြင် ဆုံးဖြတ်ချက်ထူးတွေလည်း တွေ့ပါတယ်။

၁။ ကျောင်းဘုရားမြေမှာ နိုင်ငံခြားသား ဖိနပ်စီးတာကိုကန့်ကွက်တယ်။

၂။ အင်္ဂလိပ်က သူတို့လက်အောက်နေရတာ ကောင်းတယ် (Imperial Idea) လို့ အယူအဆသွင်းတာကိုကန့်ကွက်တယ်။

၃။ ပညာတော်သင် များများလွှတ်ပေးပါလို့ တောင်းတယ်၊ သွားတိုင်း ဗမာကျောင်းသား အရေအတွက် ပိုပြီးပေးပါလို့လည်းပါတယ်။

mgyoe.com

mgyoe.com


၄။ ဗမာမတွေ နိုင်ငံခြားသားမယူဖို့ ပြောကြပါ။ ဟောကြပါ။ ယူမိလို့ ဒုက္ခရောက်နေရင်လည်း ကူညီပါ။

နောက်ဆုံး စစ်ကြီးအောင်နိုင်ရေး ကူညီမယ်လို့ ဆုံးဖြတ်ကြတယ်။ ဘုရားသခင်က ဘုရင်ကိုကယ်မပါ (God save the king) အစား ဗုဒ္ဓကဘုရင်ကို ကယ်မပါ (Buddha, save the king) လို့ အစားထိုးဆုတောင်းဖို့ တိုင်ပင်ကြတယ်။

နောက်တစ်နှစ် ၁၉၁၈ ခု မော်လမြိုင်မှာ အစည်းအဝေးပွဲကြီးလုပ်ပါတယ်။ ဦးဘေက သဘာပတိလုပ်တယ်။ အဲဒီပွဲတုန်းက တင်ပြကြတာတွေထဲမှာ–

၁။ အထက်ဗမာနိုင်ငံက သာသနာပိုင်ကို အောက်နိုင်ငံမှာလည်း သြဇာရှိစေလိုတယ်။

၂။ လူ့ခွန်တော်ကို ပညာရေးမှာသာ သုံးစေလိုတယ်။

၃။ မူလတန်းပညာ မသင်မနေရဖြစ်စေလိုတယ်။

၄။ ဗုဒ္ဓဘာသာ ကောလိပ်ကျောင်းကြီး ရှိသင့်တယ်။ ဒီဆုံးဖြတ်ချက်တွေထဲမှာ အရင်သုံးနှစ်က မူလတန်း မသင်မနေရလုပ်သင့်ကြောင်း ပြန်ကောက်တာတွေ့ရတယ်။ အင်္ဂလိပ်အပေါ်မှာ သစ္စာရှိတယ်လို့ ကြိုးစားပြီးပြောတယ်။ "အင်္ဂလိပ်မင်းတို့၏ အလံတော်အောက်၌ မှီတင်းနေထိုင်ကြ

mgyoe.com

mgyoe.com


သော လူမျိုးများအနက် မည်သည့်လူမျိုးကိုမျှ အင်္ဂလိပ်အစိုးရမင်းတို့၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရှိသေရာ၌ ကျွန်ုပ်တို့ထက် သာလွန်စေခွင့်မပြုခဲ့ကြပါ" လို့ သဘာပတိက ပြောခဲ့တယ်။

နောက်တစ်နှစ် ၁၉၁၉ ခု အစည်းအဝေးကြီးကို ပုသိမ်မှာလုပ်ပါတယ်။ အဲဒီပွဲမှာ တင်ပြတာတွေထဲက–

၁။ အမတ်ဦးဘတူ၊ ဦးဘိုးသာ၊ ဦးညွန့်တို့ကို ပြည်သူတို့ကမယုံ၊ အစိုးရက သူတို့ကို အမတ်အဖြစ်က နုတ်ပယ်ပါလို့တောင်းဆိုတယ်။

၂။ ဂျော့ဘုရင်သစ္စာတော်ကို စောင့်သိရှိသေသင့်တယ်။

၃။ ကူးသန်းရောင်းဝယ်ရေးပညာ ကောလိပ်သိပ္ပံကျောင်းကြီးဖွင့်သင့်တယ်။

၄။ ဗမာဗျည်း အက္ခရာတချို့ကို အစိုးရကပယ်ထားသည်မှာ မသင့်ကြောင်းတင်ပြတယ်။

၅။ ဗမာဇာတ်ကို ည ၈–၁၂ နာရီသာ ကပြသင့်တယ်။

၆။ ဗမာမ လူမျိုးခြားလက်ထပ်ရေး ဥပဒေလုပ်သင့်တယ်။ ဒီအချက်တွေထဲမှာ ဗမာမ လက်ထပ်ရေးပြဿနာကို အရင်နှစ်နှစ်ကစခဲ့ပြီး အခု ပြန်ကောက်တယ်။ ဗမာဇာတ်နဲ့ပတ်သက်လို့ အခု

mgyoe.com